# ပထဝီနိုင်ငံရေးနှင့်အမျိုးသားလုံခြုံရေး

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်

## အကျဉ်းချုပ်

ပထဝီနိုင်ငံရေးဆိုသည်မှာ သဘာဝအဖြစ်အပျက်များကိုမူတည်၍ နိုင်ငံရေးရာအရေးအခင်းများ ဖြစ်ပေါ်သည်ကိုလေ့လာသည့် သိပ္ပံပညာရပ်ဖြစ်ပါသည်။ နိုင်ငံတစ်ခု၏အချုပ်အခြာအာဏာကို မှန်ကန်စွာခန့်မှန်းနိုင်ရန်ယင်းနိုင်ငံ၏တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဍာန်၊ နယ်နိမိတ်များ၊ မြေအနေအထားနှင့်ရာသီဥတု၊ နိုင်ငံခြားရေးဝါဒ၊ စစ်ရေးစီမံချက်တို့ကိုကျွမ်းကျင်ပိုင်နိုင်စွာ သိရှိနေကြရမည်။ ဤအကြောင်းအရာတို့ကို နားလည်နိုင်ရန်နိုင်ငံတစ်ခု၏ပထဝီနိုင်ငံရေးကို အခြေခံကျကျသိရှိထားရမည်ဖြစ်သည်။ ပထဝီနိုင်ငံရေး (ခေါ်) Geopolitics မှာ နိုင်ငံရေးဘာသာရပ် ဖြစ်သည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရလည်းကောင်း၊ သဘာဝအရင်းအမြစ်ရရှိနိုင်မှုအရလည်းကောင်း၊ လူဦးရေအနေအထားအရလည်းကောင်း အာရှထိပ်တန်းနိုင်ငံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏အနေအထားသည် ပထဝီနိုင်ငံရေးအရ အချက်အချာကျသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။

**ရေးသားပြုစုသူ**
ဦးထက်ဆွေဦး
ဒေါ်သန္တာစိုးစိုးအောင်

**သုတေသနစာတမ်းတိုအမှတ် ( ၁၄ )**

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | ၁ |
| ၂ | ပထဝီနိုင်ငံရေး | ၁ | ၃ |
| ၃ | Heartland Theory | ၄ | ၆ |
| ၄ | Rimland Theory | ၆ | ၈ |
| ၅ | Sea Power Theory | ၈ | ၉ |
| ၆ | Land Power Theory | ၉ | ၉ |
| ၇ | နိုင်ငံတော်နှင့် ပထဝီနိုင်ငံရေး | ၉ | ၁၁ |
| ၈ | မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးမဟာဗျူဟာအရ အရေးကြီးသော အချက်များ | ၁၁ | ၁၂ |
| ၉ | ပုလဲသွယ်စီမံကိန်း | ၁၂ | ၁၄ |
| ၁၀ | ထားဝယ်ရေနက်ဆိပ်ကမ်း | ၁၄ | ၁၅ |
| ၁၁ | တရုတ်-မြန်မ ရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်း | ၁၅ | ၁၇ |
| ၁၂ | မြန်မ နိုင်ငံနှင့်အင်အ းကြီးနိုင်ငံများအကြ း အင်အား ချိန်ခွင်လျှာ | ၁၇ | ၂၁ |
| ၁၃ | နိဂုံး | ၂၁ | ၂၂ |

## နိဒါန်း

၁။ ပထဝီနိုင်ငံရေးဆိုသည်မှာ နိုင်ငံတစ်ခု၊ ဒေသတစ်ခုအပေါ် ပထဝီဝင် အခြေအနေများ၊ သမိုင်းနောက်ခံအခြေအနေများ၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအစရှိသည်အားဖြင့် နိုင်ငံတကာအခြေအနေအရပ်ရပ်တို့အပေါ် လေ့လာသုတေသနပြုသောပညာရပ်ဖြစ်၏။ နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံခြားရေးမူဝါဒချမှတ်ရန်အတွက် နိုင်ငံရေးပထဝီဝင်အသိပညာနှင့် နည်းနာများကို အသုံးချခြင်းဖြစ်သည်။[1] အမျိုးသားလုံခြုံရေးသည် နိုင်ငံတစ်နိုင်ငံ၏အစိုးရနှင့်လွှတ်တော်တို့အနေဖြင့် နိုင်ငံနှင့်နိုင်ငံသားတို့ ကြုံတွေ့ရသည့် နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေးနှင့်စစ်ရေးဆိုင်ရာ ပြဿနာခြိမ်းခြောက်မှု အမျိုးမျိုးမှကာကွယ်ပေးခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။[2] မြန်မာနိုင်ငံ အနေဖြင့် ပထဝီနိုင်ငံရေးအရ ကမ္ဘာ့လူဦးရေအများဆုံးနှင့်အာရှတိုက်၏ အင်အားကြီးနိုင်ငံ(၂)ခုကြားတွင် တည်ရှိနေသည့်အပြင် လူဦးရေပေါက်ကွဲမှုနှုန်း ပြင်းထန်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်နယ်နိမိတ်ထိစပ်လျှက်ရှိသောကြောင့် အမျိုးသားလုံခြုံရေးနှင့်ပတ်သက်ပြီး ပထဝီနိုင်ငံရေးအရ ရှုမြင်သုံးသပ်ရန် လိုအပ်ပါသည်။

## ပထဝီနိုင်ငံရေး

၂။ Geopolitics သည် ပထဝီဝင်ဘာသာကိုအသုံးချ၍ လေ့လာသော နိုင်ငံရေးဘာသာရပ်ဖြစ်သည်။ Geopolitics ဟူသောဝေါဟာရကို ဆွီဒင် နိုင်ငံသားပထဝီပညာရှင်ရှယ်လင်ဆိုသူက တီထွင်သုံးစွဲခဲ့သည်။ Geopolitics ဟူသောဝေါဟာရကို အောက်ပါအဓိပ္ပာယ်မှုကွဲအမျိုးမျိုးဖြင့် ဖွင့်ဆိုကြသည်-

---

[1] https://en.wikipedia.org/wiki/Geopolitics

[2] https://en.wikipedia.org/wiki/National_security

(က) နိုင်ငံရေးနှင့် ပထဝီတည်ရှိပုံတို့အကြားဆက်နွယ်မှု ကိုလေ့လာသောပညာ၊ (Relation between Politics and Territory)

(ခ) နယ်မြေဒေသတစ်ခု၏ ရှေ့အလားအလာကို ခန့်မှန်းဆန်းစစ်တွက်ချက်ခြင်းနှင့် ယင်းနယ်မြေဒေသတွင် နိုင်ငံရေးတန်ခိုးသြဇာကိုအသုံးပြုခြင်းအတတ်ပညာ၊ (comprises the art and practice of analyzing, prescribing, forecasting and the using of political power over a given territory)

(ဂ) နိုင်ငံရေးတွင် ပထဝီအနေအထားကို အခွင့်အရေးယူအသုံးချခြင်း၊

၃။ နိုင်ငံတစ်ခုအားလေ့လာသုံးသပ်ရာတွင် အောက်ပါရှုထောင့်ငါးစုံမှ လေ့လာသုံးသပ်ရမည်ဖြစ်ကြောင်း ရှယ်လင်ကတင်ပြခဲ့သည်-

(က) ပထဝီနိုင်ငံရေး၊

(ခ) လူဦးရေနိုင်ငံရေး ၊

(ဂ) ဘောဂနိုင်ငံရေး ၊

(ဃ) လူမှုနိုင်ငံရေး၊

(င) အုပ်ချုပ်မှုနိုင်ငံရေး။

၄။ ရှယ်လင်တင်ပြခဲ့သော နိုင်ငံတစ်ခုအားလေ့လာသုံးသပ်ရာ ရှုထောင့်စုံတွင် ပထဝီနိုင်ငံရေးသည် ပထမဆုံးအချက်တွင် ပါဝင်နေသည်။ ထို့ကြောင့် ပထဝီနိုင်ငံရေးသည် နိုင်ငံနှင့်နိုင်ငံရေးကို လေ့လာရာတွင်အရေးကြီးသည့် ပညာရပ်ဖြစ်ကြောင်း သိသာထင်ရှားသည်။ ပထဝီဝင်ပညာရပ်သည် နိုင်ငံ

၏အဓိကအခြင်းအရာဖြစ်သော နိုင်ငံခြားရေးမူဝါဒကို လွှမ်းမိုးသည်။ နိုင်ငံခြားရေးမူဝါဒဖြစ်ပေါ်စေရန် အခြေခံသည့်အကြောင်းအရာများမှာ-

(က) ပထဝီဝင်မဟာဗျူဟာ၊

(ခ) လူဦးရေ၊

(ဂ) စီးပွားရေးအရင်းအမြစ်များ၊

(ဃ) အတွေးအခေါ်စနစ်[3]။

၅။ ပထဝီနိုင်ငံရေးတွင် မသိမဖြစ်သိထားရမည့် သဘောတရားကြီး (၄) ရပ်ရှိသည်။ ပထဝီနိုင်ငံရေးကို ညွှန်းတိုင်း ၎င်းသဘောတရားကြီးများသည် အခြေခံအဖြစ်သိထားပြီး စဉ်းစားတွေးခေါ်ရမည့် အခြေခံမူဘောင်သဘောတရားများဖြစ်သည်။ ဗြိတိသျှပထဝီပညာရှင် ဆာဟန်ဖို့ဂျွန်မက်ကင်ဒါ၏ "အုတ်မြစ်နယ်မြေ"သဘောတရား(Heartland Theory)၊ ယေးတက္ကသိုလ်၊ နိုင်ငံတကာဆက်သွယ်ရေးပညာပါမောက္ခ စပိုက်မင်(၁၈၉၃-၁၉၄၃) "အစွန်အဖျားနယ်မြေ"သဘောတရား (Rimland Theory) ၊ အမေရိကန်ရေတပ်ဗိုလ်ချုပ်မာဟန် (၁၈၄၀-၁၉၁၄) တင်ပြခဲ့သော "ပင်လယ်အခြေပြုနိုင်ငံ" သဘောတရား(Sea Power Theory)၊ ဂျာမန်လူမျိုးပထဝီဝင်ပါမောက္ခ ဖရက်ဒရစ်ရက်ဇယ် (၁၈၄၄-၁၉၀၄) တင်ပြခဲ့သော "ကုန်းမြေအခြေပြုနိုင်ငံအင်အားသီအိုရီ" သဘောတရား (Land Power Theory) တို့ဖြစ်သည်။ [4]

[3] လှထွန်းအောင်/ ပထဝီနိုင်ငံရေး

[4] https://my.wikipedia.org/wiki/%E1%80%95%E1%80%91%E1%80%9D%E1%80%AE%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1%80%B6%E1%80%9B%E1%80%B1%E1%80%B8

## Heartland Theory

၆။ Sir Halford Mackinder (1869-1947)၏ Heartland Theory (အုတ်မြစ်နယ်မြေသဘောတရား) သို့မဟုတ် (ဗဟိုချက်နယ်မြေသဘောတရား) မှာ Heartland Pivot Area = Central Europe, Ukraine, Western Russia နှလုံးသားနယ်မြေ အလယ်ဥရောပ၊ ယူကရိန်း၊ အနောက်ရုရှား - Who rules East Europe commands Heartland; - Who rules Heartland commands World Island - Who rules World Island commands the World.- အရှေ့ဥရောပကို ပိုင်စိုးသောသူသည် အုတ်မြစ်နယ်မြေကို လွှမ်းမိုးနိုင်မည်။ အုတ်မြစ်နယ်မြေကို ပိုင်စိုးသော သူသည် ကမ္ဘာ့ကျွန်းကြီးဆိုသည်မှာ အတ္တလန်တိတ်မှ ပစိဖိတ်အထိကျယ်ပြန့်ပြီး အာဖရိက၊ အာရှ၊ ဥရောပတိုက် (၃) တိုက်ကိုဆိုလိုပါသည်။ ကမ္ဘာ့ကျွန်းကြီးကို ပိုင်စိုးသောသူသည် ကမ္ဘာကြီးကိုလွှမ်းမိုးနိုင်မည်။ ယူရေးရှား (Eurasia)ဆိုသည်မှာ ဥရောပနှင့် အာရှဖြစ်သည်။




World Island




Eurasia

၇။ ကမ္ဘာ့ကျွန်းကြီးဆိုသည်မှာ ယူရေးရှားနှင့်အာဖရိကဖြစ်သည်။ အုတ်မြစ်နယ်မြေဆိုသည်မှာ ကမ္ဘာ့ကျွန်းကြီးဖြစ်သည်။ ကမ္ဘာ့ကျွန်းကြီးသည် ကမ္ဘာ

ကြီးဖြစ်သည်။ ဤဝေါဟာရကို ဗြိတိသျှပညာရှင် မက်ကင်ဒါက စတင် အသုံးပြုခဲ့သည်။ မက်ကင်ဒါ၏ဗဟိုချက်နယ်မြေမှာ အာရှတိုက် အတွင်းပိုင်း ယခင်ဆိုဗီယက်ပြည်ထောင်စုအတွင်းပိုင်းတွင် အများဆုံး တည်ရှိသည်။ ဤဒေသသည် ပြည်ပရန်သူများဝင်ရောက် တိုက်ခိုက်ရန် ခဲယဉ်းသည့်ဒေသဖြစ်၍ လုံခြုံသောဒေသဖြစ်သည်ဟု မက်ကင်ဒါကယူဆ သည်။ မြောက်ဘက်တွင် ထာဝစဉ်ရေခဲနေသောအာတိတ်သမုဒ္ဒရာရှိပြီး အရှေ့ဘက်နှင့်တောင်ဘက်တွင် မြေမျက်နှာပြင်နှင့် ရာသီဥတုပါကြမ်းတမ်းသော ဒေသရှိသဖြင့် လုံခြုံမှုရှိသည်ဟု မက်ကင်ဒါကယူဆခြင်းဖြစ်သည်။ ထိုအချိန်က နိုင်ငံများ၏စစ်အင်အားတွင် ကြည်းတပ်နှင့်ရေတပ်သာ ရှိသည်။ အထူးသဖြင့် ရေတပ်အင်အားကြီးမားသည့် ပင်လယ်အခြေပြု နိုင်ငံကြီး(Sea Power)များတန်ခိုးထွားနေချိန်ဖြစ်သည်။ ဗဟိုချက်နယ်မြေ သို့ရေတပ်မဝင်ရောက်နိုင်။ ကြည်းတပ်သည်လည်း အနောက်ဘက်မှသာ ဝင်ရောက်နိုင်သည်။ မျက်မှောက်ခေတ်တွင် လေတပ်အင်အားဖွံ့ဖြိုး တိုးတက်လာရုံသာမက တိုက်ချင်းပစ်ဒုံးပျံကဲ့သို့သော အစွမ်းထက်သည့် လက်နက်များပေါ်ပေါက်လာ၍ ဗဟိုချက်အရပ်၏လုံခြုံမှုမှာ အားပျော့သွား သည့်တိုင် ဗဟိုချက်နယ်မြေဟုအဓိပ္ပာယ်ရသည့် Heartland ဟူသော ဝေါဟာရကိုမူ နိုင်ငံရေးပထဝီဝင်တွင် အသုံးပြုဆဲဖြစ်သည်။

၈။ အရှေ့ဥရောပဒေသသည် စက်မှုကုန်ကြမ်းနှင့်စိုက်ပျိုးရေးထွက်ကုန်များ ကြွယ်ဝသောဒေသတစ်ခုဖြစ်ပြီး ၄င်းဒေသကြီးအားထိန်းချုပ်နိုင်ပါက ကမ္ဘာတစ်ဝှမ်းလုံးအားထိန်းချုပ်နိုင်မည်ဟု မက်ကင်ဒါ၏သီအိုရီအရ ဖော်ပြထားသည်။ စစ်အေးကာလတွင် ဆိုဗီယက်တို့အနေဖြင့် ယူရေးရှားနယ်မြေအားထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့သည်။ မက်ကင်ဒါ၏အဆိုအရ ဗဟိုချက်ဒေသကြီးနှင့်အရင်းအမြစ်များကို ထိန်းချုပ်နိုင်ပါက ကမ်းရိုးတမ်းများ

နှင့်ရေနွေးဆိပ်ကမ်းများ၊ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းများကိုပါထိန်းချုပ်နိုင်မည်ဟု ယူဆခဲ့သည်။ [5]

၉။ ၎င်းအချက်အချာနယ်မြေအား ဝန်းရံထားသောဒေသများသည်လည်း မဟာဗျူဟာကျသော မြန်မာအပါအဝင် အိန္ဒိယတိုက်ငယ်နှင့်ရေနံပေါ်ကြွယ်ဝသော အရှေ့အလယ်ပိုင်းဒေသတို့ပါဝင်ပါသည်။ ရေနှင့်စိုက်ပျိုးမြေ၊ သတ္တုသယံဇာတမရှိဘဲ စစ်ပွဲများ၊ လူမျိုးရေး၊ ဘာသာရေး၊ ပဋိပက္ခနှင့် လူ့စွမ်းအားအရင်းအမြစ်များကြောင့် အဘက်ဘက်ကချွတ်ခြုံကျနေသော အရှေ့အလယ်ပိုင်းဒေသသည် ပဋိပက္ခနှင့်စားနပ်ရိက္ခာရှားပါးမှုများ၊ စစ်ပွဲများသာကျန်ခဲ့သည့်ဒေသဖြစ်သည်။ သို့သော် နိုင်ငံတိုင်းအတွက် အသက်တမျှလိုအပ်နေသော သွေးနှင့်တူသောရေနံစွမ်းအင်ကို ထိုနယ်မြေများမှ ရရှိသလောက် ထုတ်ယူသုံးစွဲနေကြရသည့်အတွက် အချက်အခြာနယ်မြေများဟုပင် ဆိုနိုင်ပါသည်။




**Mackinder ၏ Heartland Theory**[6]

---

[5] https://www.albert.io/blog/heartland-theory-ap-human-geography-crash-course/

## Rimland Theory

၁၀။ ယေးတက္ကသိုလ်၊ နိုင်ငံတကာဆက်သွယ်ရေးပညာ ပါမောက္ခစပိုက်မင် (၁၈၉၃-၁၉၄၃) "Rimland Theory (အစွန်အဖျားနယ်မြေ)" သဘောတရားမှာ အုတ်မြစ်နယ်မြေသဘောတရား၏ ပြောင်းပြန်သဘောသက်ရောက်သည်။ - Who controls the Rimland rules Eurasia. - Who rules Eurasia controls the destinies of the World.ရိုင်းနယ်မြေကို ပိုင်စိုးသောသူသည် ယူရေးရှားနယ်မြေကို လွှမ်းမိုးနိုင်၏။ ယူရေးရှားနယ်မြေကိုပိုင်စိုးသောသူသည် ကမ္ဘာကြီးကိုလွှမ်းမိုးနိုင်၏။ ရိုင်းနယ်မြေကို ဘေးနှုတ်ခမ်း နယ်မြေဟုလည်း ခေါ်ဆိုသည်။ နိုင်ငံရေးပထဝီဝင်တွင် ဤဝေါဟာရကို တီထွင်ခဲ့သူမှာ အမေရိကန်ပြည်ထောင်စုမှ စပိုက်မင် ဖြစ်သည်။ မက်ကင်ဒါက ၎င်း၏ဗဟိုချက်ဒေသသည် သယံဇာတကြွယ်ဝ၍ လုံခြုံမှုရှိသောဒေသဟု ဆိုခဲ့သည်။ စပိုက်မင်က သယံဇာတအမှန်တကယ် ပို၍ကြွယ်ဝသည်မှာ ဗဟိုချက်နယ်မြေ၏အနားသတ်နယ်မြေဖြစ်သည်။ ထို့ကြောင့် အနားသတ်နယ်မြေက ပို၍အရေးပါသည်ဟုဆိုခဲ့သည်။ ၎င်း၏ဘေးနှုတ်ခမ်း နယ်မြေတွင် ယခင်ဆိုဗီယက်ပြည်ထောင်စုမှအပ ကျန်ဥရောပနိုင်ငံများ၊ အနောက်တောင်အာရှနိုင်ငံများ၊ အာဖဂန်နစ္စတန်၊ အိန္ဒိယ၊ အရှေ့တောင် အာရှနိုင်ငံများ၊ တရုတ်၊ ကိုရီးယားကျွန်းဆွယ်၊ ဆိုက်ဘေးရီးယားအရှေ့ ပိုင်းတို့ပါဝင်သည်။ ထိုဒေသသည် ဗဟိုချက်နယ်မြေထက် ပို၍အရေးပါ သည်။ ၎င်းဒေသကိုချုပ်ကိုင်နိုင်ရေးမှာ ပို၍အရေးပါသည် ဟုဆိုသည်။ ထို့ကြောင့် Rimland Theory ကို စပိုက်မင်ကဖော်ထုတ်ခဲ့သည်။

၁၁။ Heartland နှင့် Rimland Theory (၂)ခုလုံးသည် ကုန်းမြေအခြေပြုအယူအဆများပင်ဖြစ်သည်။ သို့သော်လည်းအယူအဆ (၂)မျိုးကြား

---

[6] http://images.slideplayer.com/21/6300134/slides/slide_23.jpg

ကွာဟချက်သည် ကြီးမားပါသည်။ အယူအဆ(၂)မျိုးလုံးသည် မြေအနေအထားတစ်ခုလွှမ်းမိုးကာ ကမ္ဘာတစ်ခုလုံးနှင့်သယံဇာတများအား ထိန်းချုပ်ထားရန်ရည်ရွယ်သော်လည်း Heartland သည် ကမ္ဘာ့ကျွန်းဟုသတ်မှတ်ထားသည့် ယူရေးရှားနှင့် အာဖရိကကိုထိန်းချုပ်နိုင်လျှင် ကမ္ဘာတစ်ဝှမ်းကိုထိန်းချုပ်နိုင်မည်ဟူသောယူဆချက်ဖြစ်ပြီး Rimland သည် အဆိုပါကမ္ဘာ့ကျွန်း၏ အနားသတ်နယ်မြေများကိုထိန်းချုပ်နိုင်ရန် အဓိကဟူသောအယူအဆဖြစ်သည်။ အယူအဆ(၂)ခုကြားဆန့်ကျင်ဘက်အသွင်ဆောင်နေသည်ကိုတွေ့ရပါသည်။ [7]




**Spykeman ၏ Rimland Theory**[8]

---

[7] https://tackk.com/m8f7x7

[8] http://image.slidesharecdn.com/geopoliticsofmyanmar-150623052529-lva1-app6891/95/geopolitics-of-myanmar-32-638.jpg?cb=1435037831

## Sea Power Theory

၁၂။ အမေရိကန်ရေတပ်ဗိုလ်ချုပ်မာဟန် (၁၈၄၀-၁၉၁၄) တင်ပြခဲ့သော "ပင်လယ်အခြေပြုနိုင်ငံ" သဘောတရား (Sea Power Theory) တွင် ပင်လယ်ကမ်းရိုးတန်းရှည်လျားစွာပိုင်ဆိုင်ခြင်း၊ လက်နက်အင်အားတောင့်တင်းခြင်း၊ ဆိပ်ကမ်းကောင်းများကို ကမ္ဘာ့အခြားနေရာများတွင်ပါ ပိုင်ဆိုင်ထားခြင်း စသည့်အချက်များသည် ကမ္ဘာကြီးကိုလွှမ်းမိုးနိုင်မည်ဟု တင်ပြခဲ့သည်။ နိုင်ငံ၏အင်အားသည် ကုန်းမြေအကျယ်အဝန်းတွင်မတည်၊ ကမ်းရိုးတန်း အလျားနှင့်ဆိပ်ကမ်းကောင်းများ၏ လက္ခဏာရပ်ပေါ်တွင် မူတည်သည်။ ဗိုလ်ချုပ်မာဟန်၏အယူအဆများသည် ပင်လယ်အင်အားကြီးမားစေရေး အတွက် အခြေပြုထားသည်ကို တွေ့ရသည်။

## Land Power Theory

၁၃။ ဂျာမန်လူမျိုး ပထဝီဝင်ပါမောက္ခဖရက်ဒရစ်ရက်ဇယ် (၁၈၄၄-၁၉၀၄) တင်ပြခဲ့သော "ကုန်းမြေအခြေပြုနိုင်ငံအင်အားသီအိုရီ" သဘောတရား အယူအဆ သည် အင်အားကြီးသူအနိုင်ယူစတမ်းမူဝါဒ (Winner Take all) နှင့် သန်စွမ်းသော မျိုးစိတ်များကြီးထွားရန် မြေနေရာလိုအပ်မှုစသည့် အချက် များအပေါ် အခြေခံ၍ ထွက်ပေါ်လာခဲ့သည်။ သင့်တော်သော သဘာဝ ပတ်ဝန်းကျင်တွင် တည်ရှိ သည့်နုပျိုသောနိုင်ငံသည် ယင်း၏ နယ်နိမိတ်ကို ချဲ့ထွင်နိုင်ပြီး အင်အားကြီး နိုင်ငံဖြစ်လာနိုင်သည်။ ရက်ဇယ်၏အယူအဆ များသည် ကုန်းမြေကိုအခြေခံ သည့်ယူဆချက်များသာ ဖြစ်သည်။ ထို့ကြောင့်ရက်ဇယ်၏နိုင်ငံရေး ပထဝီဝင်သဘော တရားကို Land Power သီအိုရီဟု ဆိုနိုင်ပါသည်။

## နိုင်ငံတော်နှင့် ပထဝီနိုင်ငံရေး

၁၄။ နိုင်ငံ၏တည်နေရာသည် ပင်လယ်တစ်ခု၊ သို့မဟုတ် တစ်ခုထက်ပိုသောပင်လယ်များနှင့် ထိစပ်နေရမည်။ ပင်လယ်သမုဒ္ဒရာများအကြားရေကြောင်းဖြင့် အလွယ်တကူဆက်သွယ်နိုင်သော နေရာဖြစ်ရမည်။ ကုန်သွယ်ရေးလမ်းကြောင်းတို့ကို လွှမ်းမိုးနိုင်သောနေရာဖြစ်ရမည်။ ရေနက်ဆိပ်ကမ်းများရှိသည့် ကောင်းမွန်သောပင်လယ်ကမ်းရိုးတန်း ရှိရမည်။ ရှည်လျားသောကမ်းရိုးတန်းရှိရမည်။ လူမျိုးစုများသည် ကုန်သွယ်ရေး၊ နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးကို စိတ်အားထက်သန်သူများဖြစ်ရမည်ဟု လေ့လာသူအချို့က တင်ပြထားပါသည်။ မြစ်တစ်ခု၏ အကျယ်၊ ရေစီး၊ သင်္ဘောလှေသွားလာ၍ရမရမှာ ပထဝီအချက်များဖြစ်သကဲ့သို့ နိုင်ငံတစ်ခု၏တောတောင်သဘာဝ၊ မြေအနေအထား၊ ရာသီဥတု၊ ပင်လယ်သမုဒ္ဒရာများ၊ ကမ်းရိုးတန်းအမျိုးအစား၊ နိုင်ငံတစ်ခု၏သယံဇာတစသည်တို့သည် နိုင်ငံ၏ပထဝီနိုင်ငံရေး အခြေခံအချက်အလက်များပင်ဖြစ် ပါသည်။

၁၅။ နိုင်ငံတစ်ခု၏အချုပ်အခြာအာဏာကို မှန်ကန်စွာခန့်မှန်းနိုင်ရန်ယင်းနိုင်ငံ၏တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဍာန်၊ နယ်နိမိတ်များ၊ မြေအနေအထားနှင့်ရာသီဥတုတို့ကိုပါ ထည့်သွင်းတွက်ချက်ရ၏။ ထို့ပြင် ယင်းနိုင်ငံ၏လူနှင့်သယံဇာတကို အခြားနိုင်ငံများနှင့်နှိုင်းယှဉ် တွက်ယူရလေသည်။ လူကိုတွက်ချက်ရာတွင် လူဦးရေပမာဏကိုသာမက ပညာရေးအဆင့်အတန်း၊ လူမျိုးစရိုက်၊ လက္ခဏာနှင့် အကျင့်စာရိတ္တ၊ အစိုးရအမျိုးအစား၊ အမျိုးသားစည်းလုံးညီညွတ်မှုစသည်များကိုပါ ထည့်တွက်ရပါမည်။ မြေကြီးမှ ထွက်သည့်သယံဇာတအားလုံးအပြင် မိမိနိုင်ငံထွက်သည့်ဓာတ်သတ္တုအားလုံးကိုပါ ထည့်တွက်ရ၏။ ယင်းတို့ကိုအခြေခံ၍ သက်ဆိုင်ရာနိုင်ငံ၏နိုင်ငံခြားရေးဝါဒကိုလည်း လေ့လာတွက်ချက်ရ၏။ ထို့အပြင်

စစ်ပွဲတစ်ခုကို ဦးဆောင်တိုက်ခိုက်ရန် စစ်ရေးစီမံချက်တစ်ခုကို စနစ်တကျ ချမှတ်နိုင်ရန် ပထဝီနိုင်ငံရေးကိုအခြေခံကျကျ နားလည်ထားရမည်မှာ မရှိမဖြစ် အရည်အချင်းတစ်ရပ်ဖြစ်ပါသည်။ သမိုင်းတွင် ဖြစ်ပွားခဲ့သော စစ်ပွဲကြီးများ၊ နိုင်ငံအချင်းချင်းအာဏာလုပွဲများကို နက်နက်ရှိုင်းရှိုင်း သိနားလည်ရန် ပထဝီနိုင်ငံရေးအခြေခံထားရှိရန် အထူးပင်လိုအပ်ပါသည်။ စစ်သမိုင်းတလျှောက်တွင် မိုးလေဝသအခြေအနေများကလည်း စစ်ဆင်ရေးများ၊ တိုက်ပွဲစဉ်များကို အကြီးအကျယ်လွှမ်းမိုးမှုရှိခဲ့လေသည်။ သာဓက တစ်ခုကိုတင်ပြလိုပါသည်။ ၁၉၅၀ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် မြောက်ကိုရီးယားတပ်များက တောင်ကိုရီးယားကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြလေသည်။ ရန်သူအမေရိကန်တို့၏အဓိကအားထားရာမှာ လေတပ်ဖြစ်သဖြင့် ရန်သူလေယာဉ်များအတွက် အခက်ခဲဆုံးမုတ်သုံရာသီဥတု အချိန်တွင် မြောက်ကိုရီးယားက တမင်ရွေးချယ်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ နိုင်ငံတစ်ခု၏ပထဝီအနေအထားသည် ပြုပြင်ပြောင်းလဲယူ၍ မရပါ ။ လာအို၊ ဘူတန်စသောနိုင်ငံများသည် ကုန်းတွင်းပိတ်နိုင်ငံများဖြစ်သဖြင့် ပင်လယ်ထွက်ပေါက်မရနိုင်ချေ။ စင်ကာပူနိုင်ငံသည် မြို့ပြနိုင်ငံငယ်ကလေးမျှဖြစ်သော်လည်း သဘာဝပေးထားသည့်ဆိပ်ကမ်းကို တွင်ကျယ်စွာအသုံးချပြီး ဝင်ငွေအမြတ်အစွန်းအများအပြားကိုအသုံးချ၍ နိုင်ငံစွမ်းရည် တိုးတက်ခဲ့သည်။[9]

## မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးမဟာဗျူဟာအရအရေးကြီးသောအချက်များ

၁၆။ နိုင်ငံပေါင်း(၅)နိုင်ငံနှင့်နယ်နိမိတ်ခြင်းထိစပ်လျှက်ရှိပြီး ကမ်းရိုးတန်းနယ်နိမိတ် ကီလိုမီတာ (၃၀၀၀) ကျော်ရှည်လျားသောမြန်မာနိုင်ငံ၏ပထဝီ

[9] သောင်းထိုက်၊ ပထဝီနိုင်ငံရေး၊ ၁၉၉၅၊ ဖေဖော်ဝါရီ၊ ဒုတိယအကြိမ်၊ နန်းသဇင်ပုံနှိပ်တိုက်

နိုင်ငံရေးအရအချက်အချာကျမှုသည် ပါမောက္ခစပိုက်မင် (၁၈၉၃-၁၉၄၃) "အစွန်အဖျားနယ်မြေ" သဘောတရား Rimland Theory တွင်အကျုံးဝင်လျှက်ရှိပြီး Heartland ၏အနားသတ်မျဉ်းတွင်ပါဝင်လျှက်ရှိပါသည်။ တရုတ်-အိန္ဒိယ-အမေရိကန်ပြည်ထောင်စုတို့၏ အားပြိုင်မှုများအတွင်း မြန်မာနိုင်ငံ၏အရေးပါသော ပထဝီနိုင်ငံရေးမဟာဗျူဟာအချက်များမှာ အောက်ပါတို့ ဖြစ်ပါသည်-

(က) တရုတ်နိုင်ငံ၏ပုလဲသွယ်စီမံကိန်း၊

(ခ) ထားဝယ်ရေနက်ဆိပ်ကမ်း၊

(ဂ) တရုတ်-မြန်မာရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်း၊

၁၇။ အဆိုပါအချက်များသည် မြန်မာနိုင်ငံနှင့်တကွ ပါဝင်ပတ်သက်နေသော နိုင်ငံများအတွက် ပထဝီနိုင်ငံရေးအရသော်လည်းကောင်း နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေးရာနှင့် စီးပွားရေးတို့အတွက်သော်လည်းကောင်း အရေးကြီးသော အချက်များဖြစ်ပါသည်။[10]

## ပုလဲသွယ်စီမံကိန်း

၁၈။ ကမ္ဘာ့သမုဒ္ဒရာကုန်သွယ်ရေးလမ်းကြောင်းများဖြစ်သော မလက္ကာရေလက်ကြား၊ ဂျီဘရော်လ်လတ္တာရေလက်ကြား၊ ဟော်မုဇ်ရေလက်ကြား၊ ပါရှန်း ပင်လယ်ကွေ့၊ ဆူးအက်တူးမြောင်း၊ ပနားမားတူးမြောင်းတို့သည် ရေကြောင်းကုန်သွယ်ရေး၏ Choke Point များဖြစ်သည်နှင့်အညီ နိုင်ငံကြီးများသည် ၎င်း Choke Pointများအားလွှမ်းမိုးချုပ်ကိုင်ထားနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းခဲ့ကြပါသည်။

[10] Presented by Aung Ko Ko Toe Knowledge Propagation Society Geopolitics of Myanmar

၁၉။ တရုတ်နိုင်ငံမှချမှတ်ထားသည့် ပုလဲသွယ်စီမံကိန်းသည် ပင်လယ်ပြင် စိုးမိုးရေးအားအခြေခံထားပြီး တရုတ်နိုင်ငံကုန်းမကြီးမှ တောင်တရုတ်ပင်လယ်၊ ၄င်းမှမလက္ကာရေလက်ကြား၊ ထိုမှတစ်ဆင့် အာရေဘီးယားပင်လယ်နှင့်ပါးရှန်းပင်လယ်ကွေ့အထိ ပင်လယ်ပြင်လမ်းကြောင်းများအား ထိန်းချုပ်နိုင်ရေးပေါ်လစီဖြစ်သည်။

၂၀။ စီမံကိန်းသည် ၄င်းတို့၏စွမ်းအင်လုံခြုံရေးအတွက် အရေးကြီးသော ကုန်သွယ်ရေးလမ်းကြောင်းများအားထိန်းချုပ်နိုင်ရန်၊ အိန္ဒိယသမုဒ္ဒရာအတွင်း အမေရိကန်နှင့် အိန္ဒိယတို့၏လွှမ်းမိုးမှုအား ထိန်းချုပ်ရန်ရည်ရွယ်ထားပါသည်။ လက်ရှိတွင်စီမံကိန်းအတွက်ထင်ရှားသော ဆောင်ရွက်ချက်များဖြစ်သည့် အောက်ပါလုပ်ငန်းစဉ်များအား ဆောင်ရွက်လျှက်ရှိသည်-

(က) ဟိုင်နန်ကျွန်းတွင်စစ်အင်အားတိုးချဲ့ခြင်း၊

(ခ) ဗီယက်နမ်နိုင်ငံ၏ အရှေ့ဘက် ၃၀၀ နော့တီကယ်မိုင်အကွာရှိ ဝူဒီကျွန်းတွင် လေယာဉ်ကွင်းဖောက်လုပ်ခြင်း၊

(ဂ) ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့တွင် ကွန်တိန်နာဆိပ်ကမ်း တည်ဆောက်ခြင်း၊

(ဃ) မြန်မာနိုင်ငံ၊စစ်တွေမြို့တွင် ရေနက်ဆိပ်ကမ်းတည်ဆောက်ရန် ဆောင်ရွက်ခြင်း၊

(င) ပါကစ္စတန်နိုင်ငံ၊ ဂွာဒါတွင် ရေတပ်အခြေစိုက်စခန်း တည်ဆောက်ခြင်း။[11]

၂၁။ အဆိုပါစီမံကိန်းတွင် မြန်မာနိုင်ငံရှိစစ်တွေရေနက်ဆိပ်ကမ်းသည် အရေးပါသော ခရီးထောက်အရပ်အဖြစ်ပါဝင်လျှက်ရှိသည့်အတွက် တရုတ်

[11] GEOPOLITICS OF MYANMAR Geopolitics Strategic important of Myanmar

နိုင်ငံအတွက် ပထဝီနိုင်ငံရေးအရအရေးကြီးသော Strategic Point တစ်ခု အဖြစ်ရှိနေကြောင်း တွေ့ရှိရပါသည်။




## ပုလဲသွယ်စီမံကိန်း

### ထားဝယ်ရေနက်ဆိပ်ကမ်း

၂၂။ ၂၀၁၀ ပြည့်နှစ်၊နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၈.၆ ဘီလီယံ တန်ဖိုးရှိ ရေနက်ဆိပ်ကမ်းစီမံကိန်းအား Italian-Thailand Development Company နှင့်လက်မှတ်ရေးထိုးခဲ့သည်။ စက်မှုဇုန် အပါအဝင် ကီလိုမီတာ ၂၅၀ ကျယ်ဝန်းသောအဆိုပါစီမံကိန်းတွင် သံမဏိ စက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများ၊ ရေနံချက်စက်ရုံများပါဝင်ပါသည်။ အိန္ဒိယနှင့်တရုတ်တို့၏ ကုန်သွယ်ရေးလမ်းကြောင်းအသစ်တစ်ခု ဖြစ်လာ နိုင်ပါသည့်အပြင် ကမ္ဘာ့အကြီးဆုံးစီးပွားရေးဇုန်တစ်ခုလည်း ဖြစ်လာနိုင် ခြေများတွေ့ရပါသည်။

၂၃။ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ အတွက်လည်း ပို့ဆောင်ဆက်သွယ်ရေးကွန်ယက်အသစ်တစ်ခု ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ယခုအချိန်တွင် ထားဝယ်မှထိုင်းနိုင်ငံသို့ တိုက်ရိုက်ဆက်သွယ်ထားသည့် ၁၃၀ ကီလိုမီတာအရှည်ရှိ အဝေးပြေးလမ်းအားဖောက်လုပ်ပြီးဖြစ်ပါသည်။ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းသည် တိုင်းပြည်၏စီးပွားရေးအား တိုးတက်စေရုံသာမက ဒေသတွင်းကုန်သွယ်မှုများအား အလှည့်အပြောင်းဖြစ်စေနိုင်ပါသည်။

၂၄။ အရှေ့အလယ်ပိုင်းဒေသမှ ရေနံတင်သွင်းမှုများအတွက် ဖြတ်လမ်းကြောင်းတစ်ခုဖြစ်လာမည်ဖြစ်ပြီးရခိုင်ကမ်းရိုးတန်းမှ သဘာဝဓာတ်ငွေ့နှင့် အရှေ့အလယ်ပိုင်းမှရေနံအား မြန်မာနိုင်ငံသို့ဖြတ်သန်းကာ တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်သည့် လမ်းကြောင်းသစ်တစ်ခုဖြစ်လာမည်ဖြစ်သည်။




**ထားဝယ်ရေနက်ဆိပ်ကမ်းကုန်သွယ်ရေးလမ်းကြောင်းသစ်**

## တရုတ်-မြန်မာရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်း

၂၅။ တရုတ်နိုင်ငံသို့ ရေနံတင်သွင်းမှု ၈၀ ရာခိုင်နှုန်းသည် မလက္ကာရေလက်ကြားအား ဖြတ်ကျော်တင်ပို့နေရခြင်းဖြစ်ပါသည်။ တရုတ်တို့၏ စိုးရိမ်ပူပန်မှုမှာ မလက္ကာရေလက်ကြားသည် Choke Point တစ်ခုဖြစ်သည့်အတွက် အမေရိကန်နှင့်အိန္ဒိယတို့အနေဖြင့် အဆိုပါလမ်းကြောင်းကို ချုပ်ကိုင်သွားနိုင်မည်ဆိုပါက တရုတ်တို့၏စွမ်းအင်လုံခြုံမှုအား ခြိမ်းခြောက်လာမည့်အရေးပင်ဖြစ်သည်။

၂၆။ ထို့ကြောင့်မလက္ကာရေလက်ကြားလမ်းကြောင်းအား ရှောင်လွှဲနိုင်ရန် ဘင်္ဂလားပင်လယ်အော် ကျောက်ဖြူ(စစ်တွေ)ရေနက်ဆိပ်ကမ်းမှ တရုတ်နိုင်ငံယူနန်ပြည်နယ် ကူမင်းမြို့သို့ တိုက်ရိုက်သွယ်တန်းထားသည့် ရေနံသဘာဝဓာတ် ငွေ့ပိုက်လိုင်းစီမံကိန်းအားဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ Petrol China Company သည် မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့အားနှစ်(၃၀)ဝယ်ယူရေးသဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး ၄င်းဓာတ်ငွေ့များအား ကျောက်ဖြူ-ကူမင်းရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖြင့်ပို့ဆောင်မည်ဖြစ်သည်။ ရေနံပိုက်လိုင်းမှာ တစ်နှစ်လျှင်ရေနံစိမ်းတန်ချိန် ၁၂ သန်းပို့ဆောင်နိုင်ကာ အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှ ရေနံစိမ်းများအား မလက္ကာရေလက်ကြားအားရှောင်လွှဲကာ တင်ပို့နိုင်မည့် မဟာဗျူဟာလမ်းကြောင်းတစ်ခုဖြစ်လာမည်ဖြစ်သည်။

၂၇။ ကျောက်ဖြူပိုက်လိုင်းသည် မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယသမုဒ္ဒရာသို့ ထွက်ပေါက်လမ်းကြောင်းသစ်အတွက်အရေးကြီးသည့် မဟာဗျူဟာစီမံကိန်းတစ်ခုအဖြစ် ရှုမြင်နိုင်ပြီး တရုတ်နိုင်ငံ၏အမျိုးသားအကျိုးစီးပွား၊

စွမ်းအင်လုံခြုံရေးအတွက်ပထဝီနိုင်ငံရေးအရ အရေးပါကြောင်း တွေ့ရှိရပါသည်။[12]




## တရုတ်-မြန်မာရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်း[13]

## မြန်မာနိုင်ငံနှင့်အင်အားကြီး နိုင်ငံများအကြား အင်အားချိန်ခွင်လျှာ

၂၈။ ၂၀၁၁ ခုနှစ်မှ အစပြုသော မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုဖြစ်စဉ် နှင့်အတူနိုင်ငံကြီးများသည် ၎င်းတို့၏ မဟာဗျူဟာအကျိုးစီးပွားအတွက်

[12] http://www.slideshare.net/aungkokotoe/geopolitics-of-myanmar

[13] http://graphics.thomsonreuters.com/0210/CN_BRMAPLN0210.gif

မြန်မာနိုင်ငံနှင့်ပိုမိုရင်းနှီးသော ထိတွေ့ဆက်ဆံမှုများကို ပြုလုပ်ရန် ကြိုးစားလာကြပါသည်။ အမှန်တကယ်ဆိုရလျှင် အမေရိကန်၏ အာရှ - ပစိဖိတ်ဒေသ အင်အားချိန်ခွင်လျှာထိန်းညှိခြင်း၊ အိန္ဒိယ၏အရှိန်အဟုန် တိုးမြင့်လာသော အရှေ့မျှော်မူဝါဒ၊ ဂျပန်၏အရှေ့တောင်အာရှဒေသတွင်း တက်ကြွသော အင်အားချိန်ခွင်လျှာထိန်းညှိခြင်း၊ ဥရောပသမဂ္ဂ၏ အရှေ့တောင်အာရှဒေသတွင် လွှမ်းမိုးနိုင်ရန် ကြိုးပမ်းလာခြင်းတို့နှင့်အတူ မြန်မာနိုင်ငံ၏နိုင်ငံခြားဆက်ဆံရေးကို မျှခြေဖြစ်ရန် ကြိုးပမ်းလာမှု တို့သည် ကမ္ဘာ့ပထဝီနိုင်ငံရေး ပုံရိပ်ကို ပြောင်းလဲလာစေခဲ့ပါသည်။

၂၉။ မဟာဗျူဟာကျကျ သုံးသပ်ရမည်ဆိုလျှင် အမေရိကန်တို့၏ မြန်မာနိုင်ငံအပေါ် လက်တွေ့ဆန်သောထိတွေ့ဆက်ဆံမှုသည် တရုတ်နှင့် အိန္ဒိယတို့အား တပြိုင်တည်းထိန်းထားနိုင်မည့်မဟာဗျူဟာကို ရည်ရွယ် အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံကို စီးပွားရေးအရစိတ်ဝင် စားမှုနည်းပါးပါသည်။

၃၀။ ဒုတိယအကြီးဆုံး အိမ်နီးချင်းဖြစ်သည့်အိန္ဒိယသည် ၎င်း၏အရှေ့ မျှော်မူဝါဒကို အကောင်အထည်ဖော်နိုင်ရန်နှင့် အရှေ့မြောက်ဒေသပြည်နယ် များ နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မြေမျက်နှာ သွင်ပြင်အနေအထားအရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရ သော်လည်းကောင်း ဆက်စပ်လျက်ရှိသည့်မြန်မာနိုင်ငံအပေါ် ပြန်လည် သုံးသပ်ရန် သတိမူမိလာခဲ့ပါသည်။

၃၁။ အမေရိကန်၏အာရှဒေသမှ အဓိကမဟာမိတ်ဖြစ်သော ဂျပန်သည် လည်း အခြားအင်အားကြီးနိုင်ငံများနည်းတူ မြန်မာနိုင်ငံရှိတရုတ်၏ အိန္ဒိယသမုဒ္ဒရာ စွမ်းအင်လမ်းကြောင်းကို ဖြတ်တောက်ရန်အတွက် ငွေကြေးနှင့်နည်းပညာအရ အသာစီးရနိုင်မှုတို့ကိုအသုံးချကာ မြန်မာနိုင်ငံ

တွင် ဈေးကွက်ရှယ်ယာကြီးကြီးရရှိနိုင်ရန်နှင့် စွမ်းအင်ထောက်ပံ့နိုင်ရန် ကြိုးစားလာကြောင်းလည်း မြင်တွေ့နေရပါသည်။

၃၂။ ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံအပေါ် မူဝါဒရေးရာအရ ပြောင်းလဲမှုသည် မြန်မာဒီမိုကရေဒီပြုပြင်ပြောင်းလဲရေးကို အားပေးထောက်မှုပြုခြင်းသာမက ၎င်း၏အာဆီယံနှင့်အာရှဒေသတို့အား တိုးမြှင့်ဆက်ဆံရေး၏တစိတ်တပိုင်း လည်းဖြစ်ပါသည်။

၃၃။ ကမ္ဘာ့အင်အားကြီးနိုင်ငံများက မြန်မာနိုင်ငံတွင်း ၎င်းတို့အကျိုးစီးပွား အရဝင်ရောက်ကစားနိုင်ရန် ကြိုးပမ်းနေကြသော်လည်း မြန်မာသည် ထိုနိုင်ငံကြီးများအကြား ဟန်ချက်ထိန်းနိုင်ရန် လုပ်ဆောင်နေသည်သာမက မိမိအကျိုးစီးပွားနှင့်တိုင်းပြည်၏ အနာဂတ်မျှော်မှန်းချက်များအတွက်လည်း မဟာဗျူဟာကျကျ လုပ်ဆောင်နေကြောင်းတွေ့ရသည်။

၃၄။ ပထမဆုံး လုံခြုံရေးရှုထောင့်ကကြည့်လျှင် မြန်မာသည် မိမိကိုယ်ကို ယုံကြည့်အားထားမှုကို ပိုမိုမြှင့်တင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ အနေဖြင့် တရုတ်၏အဝေးရောက်ပြည်နယ်တစ်ခုအဖြစ် မည့်သို့မျှဖြစ်လာ နိုင်မည် မဟုတ်သည့်အပြင် အမေရိကန်၊ အိန္ဒိယ၊ ဂျပန်နှင့် ဥရောပ သမဂ္ဂတို့၏ မဟာမိတ်နိုင်ငံအဖြစ်လည်း ကျရောက်သွားမည်မဟုတ်ပါ။ မြန်မာနိုင်ငံအတွက်အကောင်းဆုံးသောမဟာဗျူဟာမှာ တည်ရှိနေပြီးဖြစ် သော ပထဝီအနေအထားအရအချက်အခြာကျသည့် အချက်ကိုမူတည်ပြီး အင်အားကြီးနိုင်ငံကြီးများကို ဟန်ချက်ထိန်းထားနိုင်ရန်နှင့် အကျိုးအမြတ်ကို ရယူသုံးစွဲနိုင်ရန် ဖြစ်သည်။ ထို့ကြောင့် မြန်မာအနေဖြင့် နိုင်ငံကြီးများက ပြည်တွင်းနှင့် နိုင်ငံခြားရေးမူဝါဒကို ဝင်ရောက်စွက်ဖက်ပြီး အမြတ် ထုတ်မည့်အခြေအနေမှကာကွယ်ပြီး ဟန်ချက်ကိုထိန်းထားကာ နိုင်ငံ အားလုံးနှင့်ကောင်းမွန်သောဆက်ဆံရေးကို တည်ဆောက်ထားနိုင်ရန်

လိုအပ်ပါသည်။ ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် မြန်မာခေါင်းဆောင်များသည် အမေရိကန်၊ တရုတ်၊ အိန္ဒိယနှင့် ဥရောပ သမဂ္ဂနိုင်ငံများသို့ ကြိမ်ဖန်များစွာ သွားရောက်ကာ သံတမန်ပရိယာယ်ကြွယ်ဝမှုကို ပြသခဲ့ကြသည်။ ဤသည်မှာ ပြင်ပဖိအားများကို လျှော့ချနိုင်ရန်နှင့်လိုက်လျောမှုများကို ရရှိနိုင်ရန် တမင်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ အမေရိကန်၊ အိန္ဒိယ အစရှိသော နိုင်ငံများနှင့်ဆက်ဆံရေး အေးစက်နေစဉ်အတွင်းကပင် မြန်မာ တို့အနေဖြင့် နှစ်နိုင်ငံလုံးနှင့်ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိရန်နှင့် ပူးပေါင်း ဆောင်ရွက်မှုကို တိုးမြှင့်နိုင်ရန်ကြိုးပမ်းခဲ့ပါသည်။ မြန်မာအနေဖြင့် အမေရိကန်အား မေ့ထား၍မရသော မဟာအင်အားကြီးနိုင်ငံအနေဖြင့် ရှုမြင်ပြီး နိုင်ငံတကာအသိုက်အဝန်းတွင်းဝင်ရောက်နိုင်ရန် ကူညီပေးနိုင် လိမ့်မည်ဟု ထင်မြင်သည်။ အိန္ဒိယအားလည်း လုံခြုံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် အရေးပါသောအိမ်နီးချင်းအဖြစ် ရှုမြင်ထား သည်။

၃၅။ ဒုတိယအချက်အနေဖြင့် စီးပွားရေးဆိုင်ရာ ရှုထောင့်ကကြည့်လျှင် မြန်မာသည် စီးပွားရေးအလျင်အမြန် ဖွံ့ဖြိုးတိုးတက်နိုင်ရန်နှင့် ခေတ်မီလာ စေရန် အင်အားကြီးနိုင်ငံကြီးများနှင့်ပိုမိုထိတွေ့ဆက်ဆံရန် လိုအပ် ပါသည်။ တရုတ် - မြန်မာ စွမ်းအင် လမ်းကြောင်းတည်ဆောက်ရန်နှင့် BCIM - စီးပွားရေး စင်္ကြံတည်ဆောက်ရန် တရုတ်နိုင်ငံနှင့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ယခင်သမ္မတဦးသိန်းစိန် လက်ထက်အမေရိကန်ခရီးစဉ်အတွင်း မြန်မာသည် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတို့ကို လုပ်ဆောင် နေပြီဖြစ်သောကြောင့် အမေရိကန် ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန်လည်း ဖိတ်ခေါ်ခဲ့ပါသည်။ ၂၀၁၄ခုနှစ် အိန္ဒိယတွင် ဝန်ကြီးချုပ်မိုဒီ၏အစိုးရသစ်တက်လာပြီးနောက် အရှေ့မျှော်

မူဝါဒ၏ စီးပွားရေးဆိုင်ရာအပိုင်းသည် ပိုမိုသိသာထင်ရှားလာခဲ့ပါသည်။ အဆိုပါမူဝါဒသည် မြန်မာအတွက်အရေးပါသော မျှော်မှန်းချက်တစ်ခု ဖြစ်လာပါသည်။ မြန်မာအနေဖြင့် အိန္ဒိယအစိုးရ၏ စီးပွားရေး မူဝါဒအပေါ် များစွာမျှော်လင့်ထားပြီး မြန်မာ့စီးပွားရေးတွင် အိန္ဒိယကပိုမိုဝင်ရောက် လာနိုင်မည့် အနေအထားကို စောင့်ကြည့်လျက်ရှိပါသည်။

၃၆။ ၂၀၁၁ခုနှစ်နောက်ပိုင်း လုံခြုံရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ လားရာတို့ ပြောင်းလဲလာခဲ့ပြီး နောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးပင်မရေစီးကြောင်းကြီးအတွင်း ပြန်လည်ဝင်ရောက်နိုင်ရန် အတွက် စိန်ခေါ်မှုများစွာက ခြိမ်းခြောက်လျက်ရှိကြောင်း မြန်မာတို့အနေဖြင့် သိမြင်လာခဲ့ပါသည်။ မြန်မာ၏ဟန်ချက်ထိန်းညှိခြင်း မဟာဗျူဟာသည် ပြည်တွင်းနှင့်ပြည်ပဆိုင်ရာ အချက်အလက်များစွာပေါ်မူတည်ပြီး ထိရောက်မှု ရှိနိုင်ပါသည်။[14]

## နိဂုံး

၃၇။ အထက်ဖော်ပြပါအချက်များသည် ပထဝီနိုင်ငံရေးဆိုင်ရာ သဘောတရားများ နှင့်မြန်မာနိုင်ငံ၏ဒေသတွင်းနိုင်ငံများအကြား ပထဝီနိုင်ငံရေးအရအရေး ပါသောအချက်များအား အကျဉ်းချုပ်ဖော်ပြထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ သည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ ပိုမိုပွင့်လင်းလာသော အခြေအနေတွင် နိုင်ငံတကာရေးရာပြဿနာများနှင့်ပိုမိုထိတွေ့လာနိုင်သလို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်နိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ကိုလည်း ပိုမိုမျှော်လင့်နိုင်ပါသည်။ ထို့အတူ အင်အားကြီးနိုင်ငံများ၏ပထဝီ နိုင်ငံရေးနှင့် စီးပွားရေးစစ်ပွဲများအတွက် ကြားခံစစ်မြေပြင်တစ်ရပ်

[14] Rivalry and Cooperation: A New "Great Game" in Myanmar by Dai Yonghong, Institute for Security and Development Policy publication http://isdp.eu/publication/rivalry-cooperation-new-great-game-myanmar/

ဖြစ်လာနိုင်ပါသည်။[15] အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတစ်ခု၏ပထဝီ နိုင်ငံရေးသည် ယင်းနိုင်ငံ၏နိုင်ငံရေး၊ ပထဝီအနေအထားအရချမှတ် ထားသော နိုင်ငံခြားရေးမူဝါဒများ၊ သဘာဝအရတည်ရှိနေသော နိုင်ငံ၏တည်နေရာ၊ သဘာဝအရင်းအမြစ်များ၊ လူဦးရေအနေအထားစသည် တို့သည် အဓိကအခန်းကဏ္ဍများအဖြစ် ပတ်သက်ဆက်နွယ်နေကြောင်း ပိုမိုသိရှိလာရပါသည်။ မြန်မာနိုင်ငံပိုင်အကျယ်အဝန်း၊ လူဦးရေအနေအထား၊ မြေပေါ်မြေအောက်ရှိသယံဇာတကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ပထဝီနိုင်ငံရေးဟူသောအချက်သည် အလွန်အရေးပါလှသောအချက်ဖြစ်ပါ ကြောင်းတင်ပြအပ်ပါသည်။

[15] A New Front: Myanmar’s Role in the Geopolitics of Empire http://stopimperialism.org/articles/a-new-front-myanmars-role-in-the-geopolitics-of-empire/